# ၁၉၅၇ ခုနှစ်၊ ပြည်ထောင်စု ပါလီမန်ဆိုင်ရာလူမျိုးစုလွှတ်တော် နာယကနှင့်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယ ဥက္ကဋ္ဌတို့၏ လစာငွေများ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅။]

အောက်မါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ ပြည်ထောင်စု ပါလီမန်ဆိုင်ရာ လူမျိုးစုလွှတ်တော် နာယကနှင့် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့၏ လစာငွေများ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့်၊ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စု ပါလီမန်ဆိုင်ရာ လူမျိုးစုလွှတ်တော် နာယကနှင့် ဒုတိယ နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏လစာငွေများ အက်ဥပဒေ၏ပုဒ်မ ၂ တွင်၊ ''လစာငွေ ၇၅၀'' ဆိုသည့်စကားရပ်အစား၊ ''လစာငွေ ၁,၀၀၀'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၃ တွင် '' လစာငွေ ၇၅၀ '' ဆိုသည့်စကားရပ်အစား၊ '' လစာငွေ ၁,၀၀၀ '' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၄။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၄-က တွင် ''လူမျိုးစုလွှတ်တော်နာယက နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှာ '' ဆိုသည့်စကားရပ်အစား၊ '' လူမျိုးစုလွှတ်တော် နာယက၊ ဒုတိယနာယကနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့မှာ '' ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည့်ပြင်၊ ဘေးမှတ်ချက်၌လည်း '' နာယကနှင့် ဥက္ကဋ္ဌတို့ '' ဆိုသည့်စကားရပ်အစား၊ '' နာယက၊ ဒုတိယနာယကနှင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့၊ '' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၄-က နောက်တွင် အောက်ပါကို၊ ပုဒ်မ ၄-ခ အဖြစ်ထည့်သွင်းရမည်။

ဒုတိယ နာယကနှင့် ဒုတိယ ဥက္ကဋ္ဌတို့၏ အခြား အခွင့်အရေးများ။

'' ၄-ခ။ ။လူမျိုးစုလွှတ်တော် ဒုတိယနာယကနှင့် ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌတို့အား၊ တလလျှင် ကျပ် ၁၅၀ ထက်မပိုသည့် ငှါးရမ်းခပေးရသော နေအိမ်တွင်၊ သို့တည်းမဟုတ် အိမ်ခန်းတွင်၊ အခမဲ့နေထိုင်ခွင့်ပြုရမည်၊ သို့တည်းမဟုတ် တလလျှင် ကျပ် ၁၅၀ စီပေးရမည်။ မော်တော်ယာဉ်တစီးစီကိုလည်း၊ လိုအပ်သော ဓါတ်နှင့်တကွ အခမဲ့သုံးပိုင် ခွင့်ပေးရမည်။''

အဘိုး—၁၀ ပြား]

ပါမါဗါ၉၊-- အမှတ် ၂၀၁၊ တရားရေးဝန်ကြီးဌာန၊ ၇-၅-၅၇—၂,၂၀၀—၂။